## ဘီဘီစီ မြန်မာပိုင်းအစီအစဉ်
## ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်၊ ညပိုင်းအစီအစဉ်

**ဘီဘီစီ။** ။ သောတရှင်များခင်ဗျာ။ ဒီကနေ့မှာဆိုလို့ရှိရင် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကိုအကောင်အထည်ဖော်ဖို့နဲ့ ပြည်သူ့လွှတ်တော်ပေါ်ပေါက်အောင်ကြိုးပမ်းဖို့အတွက်ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ CRPP ခေါ် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းတည်ထောင်ခဲ့တာ ၆ နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်ပါတယ်။ ဒီကနေ့မှာ CRPP ရဲ့ ရှေ့လုပ်ငန်းစဉ်တွေကိုဆွေးနွေးဖို့အတွက် CRPP အဖွဲ့ဝင်တွေဟာ NLD ပါတီဗဟိုဌာနချုပ်ရုံးမှာတွေ့ဆုံခဲ့ကြပါတယ်။ ဒါကြောင့် NLD ပါတီအတွင်းရေးမှူး ဦးလွင်ကိုမေးကြည့်ရအောင်ပါ။ အယ်ကန်ဦးလွင်ခင်ဗျား ဒီကနေ့အစည်းအဝေးဟာဘယ်လိုကျင်းပခဲ့တယ်ဆိုတာကိုပြောပြပါဦးခင်ဗျာ။

**ဦးလွင်။** ။ အဲ ကျင်းပတာကတော့ လစဉ်လိုလို ကျင်းပပါတယ်။ ဒီကနေ့ကတော့ တော်တော်လေးလည်းအချိန်ကြာသွားတယ်လေ။ ကြာသွားတယ်ဆိုတာကတော့ ဟိုဒင်းပါပဲ။ ဟို ရှေ့လုပ်ငန်းစဉ်ထဲတွေပဲပေါ့။

**ဘီဘီစီ။** ။ ဟုတ်ကဲ့။ မနေ့က ကျနော်တို့ ဦးအေးသာအောင်ကိုမေးလို့သိရသလောက်ဆိုလို့ရှိရင် ဒါ CRPP က ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ဖို့အတွက် ဆက်ပြီးဆောင်ရွက်မယ်လို့သိရပါတယ်ခင်ဗျာ။ ဒါနဲ့ပတ်သက်ပြီး နောက်ထပ်အသေးစိတ်ဆွေးနွေးတာများရှိပါသလား။

**ဦးလွင်။** ။ အဲ ရှိပါတယ်။ အဲ ဒီနေ့ကတော့ တော်တော်ကြာပါတယ်။ ဒါကတော့ အခုမှအလုပ်ကစတာကိုး။ စတယ်ဆိုတာက နောက်ကိုအခုလိုပဲတွေ့သွားမယ်။ လိုအပ်ရင် တလကို နှစ်ခါ၊ နှစ်ခါမကလည်းတွေ့မယ်ဆိုတဲ့သဘောပေါ့။ အဓိကကတော့ ဟို အခြေခံဥပဒေပေါ့လေ။ အဲ ဒီအပေါ်အခြေခံပြီးတော့မှ ဆွေးနွေးကြမယ်။

**ဘီဘီစီ။** ။ ဟုတ်ကဲ့။ ဒီကနေ့မှာ ဒီ တိုင်းရင်းသားအဖွဲ့အစည်းခေါင်းဆောင်တွေရော ဟိုဒင်း စုံစုံညီညီတက်ရောက်ခဲ့ကြသလားခင်ဗျာ။

**ဦးလွင်။** ။ တိုင်းရင်းသားခေါင်းဆောင်တွေကတော့ အားလုံးလိုလိုပါပဲ။ ရှမ်းပဲ ----

**ဘီဘီစီ။** ။ ဦးခွန်ထွန်းဦး ဒီကနေ့မလာနိုင်ဘူးပေါ့နော်။

**ဦးလွင်။** ။ ဟုတ်ကဲ့။ နောက်ပြီးတော့တယောက်ရှိသေးတယ်။ ကိုးကန့်က လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းမော်ဆိုတာ ----

**ဘီဘီစီ။** ။ ဟုတ်ကဲ့။ ကျနော်တို့ ဒီအဖွဲ့ဝင်အသစ်နဲ့ပါဝင်လာတဲ့ ဦးရန်ရှင်းမော်ပေါ့နော်။

**ဦးလွင်။** ။ ဟုတ်ပါတယ်ခင်ဗျာ။

**ဘီဘီစီ။** ။ ဒီ CRPP အနေနဲ့ ရှေ့လုပ်ငန်းစဉ်ကိုအခုမှသာ မူအသစ်စပြီးချထားတဲ့သဘောလား။ အရင်ဆောင်ရွက် နေတဲ့ဟာတွေဆက်လုပ်သွားမလား။

**ဦးလွင်။** ။ အရင်က အရင်ကလည်းရှိပါတယ်။ အခုဟာက အသစ်ဆိုတာက အသေးစိတ်ပေါ့။ အရင်ကလိုအကြမ်းဖျင်းမဟုတ်ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံပြီးတော့ လွှတ်တော်မှာလည်းသူတို့ဆွေးနွေးထားတာတွေကရှိတာကို။ အခြေခံအပိုင်းမှုပေါ့။ ဟို အသေးစိတ်ကတော့ သိပ်လည်းမသွားနိုင်ပါဘူး။

**ဘီဘီစီ။** ။ ဒီ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပြောတဲ့အတွက်လေ ဘယ်အဖွဲ့အစည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရည်ညွှန်းပါလဲခင်ဗျာ။

**ဦးလွင်။** ။ ဟာ ဒီမိုကရေစီပေါ့။ အန်ကယ်တို့က -----

**ဘီဘီစီ။** ။ ဒီ CRPP အနေနဲ့ ဆောင်ရွက်နေတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတွေ ရေးဆွဲတာရှိသလား။

**ဦးလွင်။** ။ CRPP အနေနဲ့ ဆိုတာကတော့မရှိပါဘူး။ သူသက်ဆိုင်ရာ၊ သက်ဆိုင်ရာပြည်နယ်တွေကနေပြီးတော့ သူတို့တွေဆွေးနွေးကြတဲ့ဟာတွေပေါ့။ အဲဒါက သူတို့ဖြစ်ချင်တဲ့ဟာပေါ့လေ။ ဘောင်ပေါ့လေ။ ဖရိန် (Frane) ကတော့ ဒီမိုကရေစီပေါ့။

**ဘီဘီစီ။** ။ ဟုတ်ကဲ့ပါအန်ကယ်။ တဖက်မှာကျတော့ ဒီ စစ်အစိုးရလုပ်နေတဲ့အမျိုးသားညီလာခံဆိုတာကရှိနေတယ်။ တကယ်လို့ အန်ကယ်တို့ CRPP အနေနဲ့ပဲ ဖြစ်ဖြစ် စောစောကလို နယ်ကနေပြီးတော့ သူတို့ဖြစ်ချင်တဲ့ဆန္ဒတွေပြောလို့ပဲဖြစ်ဖြစ် ဒီလိုမျိုးအခြေခံဥပဒေနဲ့ပတ်သက်လို့ ပြောတယ်ဆိုလို့ရှိရင် ဒီကိစ္စနှစ်ခုက အပြိုင်သွားနေတဲ့သဘောမျိုးဖြစ်မလား။ ဒါမှမဟုတ်ရင် တချိန်မှာပေါင်းစည်းသွားမလား။

**ဦးလွင်။** ။ ပြိုင်သွားတဲ့ သဘောတော့မဟုတ်ပါဘူး။ သို့ပေမယ့် ကိုယ်စားလှယ်တွေအနေနဲ့ဟာက ညီလာခံမှာဆိုတာ တရားဝင်တက်လို့ရတယ်။ အခုတော့မတက်ဖြစ်ဘူး။ ရှမ်း၊ ရှမ်းတဦးပဲပါတယ်။ ကျန်တဲ့ဟာတွေက လုံးဝသူတို့ရဲ့ Representation အသိအမှတ်မပြုတဲ့သဘော။ ဟိုဒင်းပေါ့ စစ်ကိုယ်စားလှယ်ကနေပြီးတော့ဖိတ်ကြားလို့ တက်ရောက်တဲ့လူတွေလောက်ပဲရှိတာကိုး။

**ဘီဘီစီ။** ။ ဟုတ်ကဲ့ခင်ဗျာ။ အန်ကယ် ဒီတချက်တည်းပဲမေးပါရစေခင်ဗျာ။ ဒီဒေါ်အောင်ဆန်းစုကြည်တို့ ဦးတင်ဦးတို့ ပြန်ပြီးတော့လွှတ်မြောက်ဖို့အနေအထားကရော မျှော်လင့်ချက်ရှိပါသေးလား။

**ဦးလွင်။** ။ အဲ ဒီလိုပဲ ထားပါတယ်။ မျှော်လင့်ချက်ထားပါတယ်။

**ဘီဘီစီ။** ။ တခြားကြောင့်မဟုတ်ပါဘူး။ ဒီ ဟို အာဆမ် (ASEM) အစည်းအဝေးအတိုင်ခင်မှာ ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးပါဆိုတဲ့ တောင်းဆိုချက်တွေရှိလာတဲ့အခါကျတော့ အဲဒါနဲ့ပတ်သက်ပြီး အခု ပြန်လွှတ်ပေးမယ့် အရိပ်အယောင်များရှိလားလို့ပါ။

**ဦးလွင်။** ။ အဲဒါတွေကတော့ အန်အယ်တို့ကသိပ်ပြီးတော့မလေ့လာသေးဘူး။ ဒီလိုပဲ သူတို့ကတော့ အေးတိအေးစက်နေတဲ့သဘောတော့ရှိတယ်လေ။

**ဘီဘီစီ။** ။ အဲဒါကတော့ NLD ပါတီပြောခွင့်ရသူ အတွင်းရေးမှူးဦးလွင်ဖြစ်ပါတယ်။